# လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာ
# မြန်မာနိုင်ငံ

စာစဉ် ၇ | နိုဝင်ဘာ-ဒီဇင်ဘာ ၂၀၁၅

OCHA

ဤစာစဉ်တွင်

၂၀၁၅ခုနှစ်အတွင်း ကချင်နှင့်ရှမ်းရှိနေရပ်စွန့်ခွာတိမ်းရှောင်မှုများ စာ-၁
ရှမ်းပြည်နယ်တောင်ပိုင်းတွင် လူ၂,၀၀၀ခန့် ဆက်လက်နေရပ်စွန့်ခွာတိမ်းရှောင်လျက်ရှိ စာ-၂
ဆွမ်ပရာဘွမ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် ဆောင်းတွင်းအသုံးအဆောင်များလိုအပ် စာ-၃
ရေဘေးပြန်လည်ထူထောင်ရေးအတွက် ငွေကြေးပံ့ပိုးမှု စာ-၄
မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရန် ပံ့ပိုးမှု စာ-၅
ကလေးများအား တပ်သားအဖြစ်စုဆောင်းမှု အဆုံးသတ်ခြင်း စာ-၆




ကချင်ပြည်နယ်မှ နေရပ်စွန့်ခွာတိမ်းရှောင်သူ အမျိုးသမီးတစ်ဦး။ မတ်၂၀၁၅၊ ဓာတ်ပုံ OCHA

## အဓိက အချက်များ

- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် ၂၀၁၅ခုနှစ်အတွင်း လူပေါင်း ၁၀၀,၀၀၀ခန့် အသစ်ထပ်မံ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရပြီး၊ ၉၀ ရာခိုင်နှုန်းခန့်မှာ ၎င်းတို့နေရပ်သို့ ပြန်သွားနိုင်ခဲ့
- ရှမ်းပြည်နယ်တောင်ပိုင်းတွင်ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခနောက်ဆက်တွဲ အဖြစ် လူပေါင်း ၂,၀၀၀ နီးပါး ဆက်လက် နေရပ်စွန့်ခွာတိမ်းရှောင်လျက်ရှိ
- ခြောက်လကြာမြင့်ချိန်တွင် ကချင်ပြည်နယ် ဆွမ်ပရာဘွမ်ဒေသရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများထံ လူသားချင်း စာနာမှု ဆိုင်ရာလက်လှမ်းမီမှု အကန့်အသတ်ရှိဆဲ
- ငွေကြေးပံ့ပိုးမှုစီမံကိန်း ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်မိသားစုများ ပြန်လည်ထူထောင် နိုင်ရန် ကူညီပေးလျက်ရှိ
- ရေကြီး၊ ရေလျှံမှုဖြစ်ပွားပြီးနောက် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးဆောင်ရွက်
- ၂၀၁၅ခုနှစ်အတွင်း မြန်မာ့တပ်မတော်မှ ကလေး ၁၄၆ ဦးကို နုတ်ထွက်ခွင့်ပြုခဲ့

## အဓိက ကိန်းဂဏန်းများ

| | |
|---|---|
| # ရခိုင်တွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၁၄၀,၀၀၀ |
| ကချင်နှင့်ရှမ်းတွင်နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၁၀၀,၀၀၀ |

## ရန်ပုံငွေ

**၁၉၀ သန်း** (အမေရိကန်ဒေါ်လာ)
၂၀၁၅ခုနှစ်တွင် လူသားချင်းစာနာမှုအကူအညီ များပေးရန်အတွက် တောင်းခံထား

ရန်ပုံငွေ **၅၀%** ရရှိ

**၆၇.၅ သန်း** (အမေရိကန်ဒေါ်လာ)
မြန်မာနိုင်ငံ ရေဘေးတုန့်ပြန်ဆောက်ရွက်ရေး အစီအစဉ်အတွက် တောင်းခံထား

ရန်ပုံငွေ **၇၃%** ရရှိ

**၅၃.၉ သန်း** (အမေရိကန်ဒေါ်လာ)
မြန်မာနိုင်ငံအတွက် လူသားချင်းစာနာမှု အကူအညီများပေးရန်ရရှိထားသော ရန်ပုံငွေ စုစုပေါင်း

## ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် ပဋိပက္ခများကြောင့် ၂၀၁၅ ခုနှစ်အတွင်း လူပေါင်း ၁၀၀,၀၀၀ခန့် ယာယီနေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့

**အသစ်ထပ်မံနေရပ်စွန့်ခွာရွှေ့ပြောင်းမှုမှာ ယာယီသာဖြစ်လေ့ရှိသောကြောင့် စောင့်ကြည့်လေ့လာရန် ခက်ခဲ**

၂၀၁၁ခုနှစ်မှစတင်၍ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းများတွင် နေထိုင်လျက်ရှိသည့် ပဋိပက္ခကြောင့်ထိခိုက်ခံစားရသူ လူဦးရေ ၁၀၀,၀၀၀အပြင်၊ ၂၀၁၅ခုနှစ်အတွင်း ထိုပြည်နယ်နှစ်ခုတွင် လက်နက်ကိုင် ပဋိပက္ခများကြောင့် လူပေါင်း ၁၀၀,၀၀၀ခန့် ယာယီနေရပ် စွန့်ခွာရွှေ့ပြောင်းခဲ့ရပါသည်။ ၎င်းတို့အနက်တွင် ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလအတွင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခကြောင့် မြန်မာနိုင်ငံ၏ အခြားနေရာများသို့ ထွက်ခွာခဲ့သော ရွှေ့ပြောင်းလုပ်သား ၁၃,၀၀၀ကျော်နှင့် တရုတ်နိုင်ငံတွင်းသို့နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခဲ့သော လူပေါင်း ၇၀,၀၀၀ တို့လည်းပါဝင်ပါသည်။ အများစုမှာ နေရပ်သို့ ပြန်လည်ဝင်ရောက်ခဲ့ကြပြီး၊ ဒေသတွင်းရှိ အရပ်ဖက် လူမှုအဖွဲ့ အစည်းများ၏ ခန့်မှန်းချက်အရ ၂၀၁၅ခုနှစ်ကုန်ဆုံးချိန်တွင် လူဦးရေ ၄,၀၀၀ ခန့်သာ တရုတ်နိုင်ငံတွင်ကျန်ရှိပါသည်။ ထို ၂၀၁၅ခုနှစ်အတွင်း ယာယီ နေရပ်စွန့်ခွာ ရွှေ့ပြောင်းသူ ၁၀၀,၀၀၀ခန့်တွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဖားကန့်၊ ဆွမ်ပရာဘွမ်၊ မိုးညှင်း၊ မန်စီ၊ နမ့်ခမ်း၊ နမ်တစ်၊ မူဆယ်၊ ကွတ်ခိုင် စသည့်နေရာများတွင် အသစ် ထပ်မံနေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသူ ၁၀,၀၀၀ ကျော်လည်း ပါဝင် ကာ၊ ၎င်းတို့အနက်မှ လူဦးရေ ၆,၀၀၀ကျော်မှာ ၎င်းတို့ မူလ နေရပ်များသို့ ပြန်သွားနိုင်ခဲ့ကြပြီး၊ ၂၀၁၅ခုနှစ် အကုန်တွင် လူဦးရေ ၄,၀၀၀ခန့်သာ နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းများတွင် ဆက်လက် ကျန်ရှိပါသည်။ အောက်တိုဘာလဆန်းပိုင်းတွင် မိုင်းရှူးမြို့နယ်၌ မြန်မာ့တပ်မတော်နှင့် ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) တို့အကြား တိုက်ပွဲများဖြစ်ပွားခဲ့သည့်အတွက် ရှမ်းပြည်နယ် တောင်ပိုင်းတွင် လူပေါင်း ၆,၀၀၀ခန့် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရပါသည်။ ၎င်းတို့အနက်မှ အများစုမှာ နေရပ်သို့ ပြန်သွားခဲ့ ကြပြီး၊ ၂၀၁၅ခုနှစ် အကုန်တွင် လူဦးရေ ၂,၀၀၀ အောက်သာ နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်းများတွင်ဆက်လက် ကျန်ရှိနေပါသည်။

၂၀၁၅* ခုနှစ်အတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း နေရပ်စွန့်ခွာတိမ်းရှောင်မှု




*မြေပုံတွင် ၂၀၁၅ခုနှစ်အတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်မှုအများဆုံးရှိခဲ့သည့် မြို့နယ် ၁၁ ခုကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။

အချက်အလက်များအရ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ပဋိပက္ခကြောင့် အသစ်ထပ်မံနေရပ်စွန့်ခွာ တိမ်းရှောင်မှုများမှာ အများအားဖြင့် ယာယီနေရပ်စွန့်ခွာ တိမ်းရှောင်မှုများ ဖြစ်ပါသည်။ ၂၀၁၅ခုနှစ်အတွင်း အသစ်ထပ်မံ နေရပ်စွန့်ခွာ တိမ်းရှောင်သူ များ၏ ၉၀ရာခိုင်နှုန်းခန့်မှာ နေရပ်စွန့်ခွာတိမ်းရှောင်ပြီး ရက်ပိုင်း အတွင်း သို့မဟုတ် ရက်သတ္တပတ်အတွင်း၊ လပိုင်းအတွင်း ၎င်းတို့နေရပ်များသို့ ပြန်သွားနိုင်ခဲ့ကြပြီး၊ ၂၀၁၅ခုနှစ် အကုန်တွင် ၎င်းတို့အနက်မှ ၁၀ ရာခိုင်နှုန်းမျှသာ နေရပ်စွန့်ခွာတိမ်းရှောင်သူ

## ၂၀၁၅ခုနှစ် အဓိက ကိန်းဂဏန်းများ

### ဘေးသင့်လူဦးရေ

လူသားချင်းစာနာမှုအကူအညီ လိုအပ်လျက်ရှိသော လူဦးရေ၊ ရေဘေးသင့်လူဦးရေ ၄၆၀,၀၀၀ အပါအဝင်

**၁,၀၂၀,၀၀၀**

နေရပ်စွန့်ခွာတိမ်းရှောင်သူ လူဦးရေ

**၂၄၀,၀၀၀**

ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် ကျန်ရှိသော လူဦးရေ

**၉,၂၀၀**

### စားနပ်ရိက္ခာဖူလုံမှု

စားနပ်ရိက္ခာ သို့မဟုတ် ငွေကြေးပံ့ပိုးမှု ရရှိသော နေရပ်စွန့်ခွာတိမ်းရှောင်သူများ၊ အခြားထိခိုက်လွယ်သည့် အခြေအနေတွင် ရှိသူများနှင့် စားနပ်ရိက္ခာဖူလုံမှု မရှိသူများ

**၇၇၀,၀၀၀**

*ရှမ်းပြည်နယ်တောင်ပိုင်းရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများ အတွက် အမိုးအကာ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီခြင်းတို့မှာ အဓိက လိုအပ်ချက်များဖြစ်*

စခန်းများတွင်ဆက်လက်ကျန်ရှိနေပါသည်။ ပဋိပက္ခကြောင့် အသစ်ထပ်မံ နေရပ်စွန့်ခွာ တိမ်းရှောင်မှုများမှာ နိုင်ငံတကာ အဖွဲ့အစည်းများ လက်လှမ်းမီမှု အကန့်အသတ်ရှိသည့် နေရာများတွင် ဖြစ်ပွားခြင်းနှင့် နေရပ် စွန့်ခွာတိမ်းရှောင်သူများမှာလည်း အကြိမ်များစွာ ထပ်မံတိမ်းရှောင် ကြခြင်းဖြစ်သောကြောင့် စောင့်ကြည့်လေ့လာရန် ခက်ခဲပါသည်။ ထို့ကြောင့် ယခုဖော်ပြထားသည့် အချက်အလက် ကိန်းဂဏန်း များမှာ ၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် နေရပ် စွန့်ခွာတိမ်းရှောင်မှုများ၊ နေရပ်ပြန်မှုများနှင့် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်အားလုံးကို ထင်ဟပ်ခြင်းမရှိဘဲ၊ အခြေအနေအား ခြုံငုံသုံးသပ်မှုသာဖြစ်ပါသည်။

### လေးနှစ်ကျော်ကြာမြင့်ချိန်တွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ လူပေါင်း ၁၀၀,၀၀၀ ဆက်လက်နေရပ်စွန့်ခွာ တိမ်းရှောင်ဆဲ

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စုစုပေါင်း လူဦးရေ ၁၀၀,၀၀၀ နီးပါးခန့်မှာ လေးနှစ်ကျော် ကြာမြင့်လာသည်အထိ ဆက်လက်နေရပ်စွန့်ခွာတိမ်းရှောင်နေရဆဲဖြစ်ပါသည်။ ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအနက်မှ ၅၀ ရာခိုင်နှုန်းမှာ အစိုးရထိန်းချုပ်မှုပြင်ပရှိနေရာများတွင် နေထိုင်လျက်ရှိကြပါသည်။ ထိုနေရာများတွင် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများပံ့ပိုးဆောင်ရွက်ပေးခြင်းကို ဒေသတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အဓိကနေရာမှ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ရေးအတွက် လက်လှမ်းမီမှုအခြေအနေမှာ တိကျသေချာမှုမရှိဘဲ၊ ဒေသတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများပင် ၂၀၁၅ခုနှစ်အတွင်း အသစ်ထပ်မံ နေရပ်စွန့်ခွာ တိမ်းရှောင်သူများကို လက်လှမ်းမီရန်အတွက် အခက်အခဲများရှိခဲ့ပြီး၊ ဥပမာအနေဖြင့် လူဦးရေ ၁,၀၀၀ကျော် နေရပ်စွန့်ခွာခဲ့ရသည့် ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ်တွင်ဖြစ်ပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကိုလုံလောက်စွာနှင့်အရည်အသွေးပြည့်မီစွာပံ့ပိုးနိုင်ရန် ၂၀၁၆ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုန့်ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေများဆက်လက် လိုအပ်လျက်ရှိပါသည်။ လက်နက်ကိုင် ပဋိပက္ခများအတွင်းနှင့် နောက်ပိုင်းတွင် အရပ်သားများ လုံခြုံမှု အပြည့်အဝရရှိစေရန်၊ ၎င်းတို့ ဆန္ဒရှိသည့်အတိုင်း နေရပ်များသို့ ဘေးအန္တရာယ်ကင်းစွာ၊ ဘဝများ ပြန်လည်ထူထောင်ရန်အတွက် လိုအပ်သောပံ့ပိုးမှုများရရှိပြီး အမြန်ဆုံးပြန်နိုင်စေရန် ပဋိပက္ခအတွင်းပါဝင်လျက်ရှိသော အဖွဲ့အားလုံးကို ဆက်လက်အရေးဆိုဆောင်ရွက်ခြင်းကိုလည်း မဖြစ်မနေ ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေပါသည်။

## ရှမ်းပြည်နယ်တောင်ပိုင်း - တိုက်ပွဲများ ရပ်တန့်သွား၍ နေရပ်စွန့်ခွာတိမ်းရှောင်သူ အများစု နေရပ်သို့ပြန်

### လူဦးရေ ၂,၀၀၀ နီးပါး စခန်းများတွင်ကျန်ရှိ၊ နေရပ်သို့ မပြန်နိုင်သေး

တိုက်ပွဲများကြောင့် အောက်တိုဘာလတွင် ရှမ်းပြည်နယ်တောင်ပိုင်း၌ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသူ ၆,၀၀၀ အနက်မှ အများစုမှာ တိုက်ပွဲများရပ်တန့်သွားပြီးနောက် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်းတွင် ၎င်းတို့၏နေရပ်များသို့ ပြန်သွားခဲ့ကြပါသည်။ သို့သော် ဒီဇင်ဘာလကုန်ဆုံးချိန်တွင် လူဦးရေ ၂,၀၀၀ နီးပါးမှာ ကျေးသီးနှင့် မိုင်းရှူးမြို့နယ်များတွင် ဆက်လက် နေရပ်စွန့်ခွာတိမ်းရှောင်နေရဆဲဖြစ်ပါသည်။ အချို့မှာ နေရပ်သို့ပြန်ရန်ကြိုးပမ်းခဲ့သော်လည်း၊ ၎င်းတို့နေထိုင်ရာ ဒေသများတွင် စစ်ကြောင်းများ ဆက်လက်ရှိနေခြင်း၊ တပ်မတော်နှင့် အခြားလက်နက်ကိုင်တပ်ဖွဲ့များ ၎င်းတို့ နေထိုင်ရာနေရာနှင့် ဝန်းကျင်တွင် လှုပ်ရှားမှုများ ရှိနေခြင်းကြောင့် နေရပ်သို့ မပြန်နိုင်ကြောင်းသိရှိရပါသည်။ ဒေသတွင်း အဖွဲ့အစည်းများ၏ ပြောကြားချက်များအရ မူလနေရပ်တွင် မိုင်းအန္တရာယ်မှာလည်း စိုးရိမ်ဖွယ်ကောင်းသည့် အခြေအနေဖြစ်ကြောင်း သိရှိရပါသည်။



ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများ။ ဒီဇင်ဘာ၂၀၁၅၊ ဓာတ်ပုံ OCHA

ဆက်လက်နေရပ်စွန့်ခွာတိမ်းရှောင်နေသူများမှာ မိုင်းရှူးမြို့ပေါ်၊ မိုင်းရှူးမြို့နယ်တွင်း ဟိုင်ပကျေးရွာ၊ ကျေးသီးမြို့နယ်တွင်း ဝမ်ဝကျေးရွာတို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ယာယီစခန်းများတွင် နေထိုင်ကြရလျက်ရှိပါသည်။ ဒေသတွင်း အရပ်ဖက်လူမှု အဖွဲ့အစည်းများနှင့် ပြည်တွင်း အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ တုန့်ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို ဦးစီး ဆောင်ရွက်လျက်ရှိပြီး၊ နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် အစားအစာ၊ အစားအစာမဟုတ်သည့် အခြား အသုံးအဆောင်ပစ္စည်းများ၊ တစ်ကိုယ်ရေသုံး၊ မိသားစုသုံး ပစ္စည်းများ၊ အမိုးအကာအသုံးအဆောင်များ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ပံ့ပိုးမှုများအပါအဝင် ကနဦးကယ်ဆယ်ရေးအထောက်အပံ့များကို ပံ့ပိုးပေးခဲ့ပါသည်။ သို့သော် အခြေအနေလေ့လာဆန်းစစ်မှုများအရ အမိုးအကာ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အချို့နေရာများတွင် ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီခြင်းဆိုင်ရာ လိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိပြီး၊ အထူးသဖြင့် အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများ ပါဝင်သော ထိခိုက်အလွယ်ဆုံးသော လူများအတွက် အကူအညီများ ဆက်လက်လိုအပ်လျက်ရှိပါသည်။

## ၂၀၁၅ခုနှစ် အဓိက ကိန်းဂဏန်းများ

### အာဟာရ

ကချင်နှင့် ရခိုင်ရှိ ဖြည့်စွက်အာဟာရ ရရှိသော ကလေးဦးရေ

**၃၂,၀၀၀ ကျော်**

ကချင်နှင့် ရခိုင်ရှိ ဖြည့်စွက်အာဟာရ ရရှိသော ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်ဦးရေ

**၁၁,၀၀၀ ကျော်**

### ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ရေဘေးအတွင်း သန့်ရှင်းသော သောက်ရေနှင့် သုံးရေများ လက်လှမ်းမီမှုရှိစေရန် ပံ့ပိုးပေးခဲ့သည့် လူဦးရေ

**၂၈၈,၀၀၀**

ရခိုင်နှင့် ကချင်တွင် ကောင်းမွန်သော ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်များအား လက်လှမ်းမီမှု ရှိစေရန် ပံ့ပိုးပေးခဲ့သည့် လူဦးရေ*

**၆၈,၀၀၀**

*၂၀၁၅ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ

*လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ရေးအတွက် လက်လှမ်းမီမှုအကန့်အသတ်များ ဆက်လက်ဖြစ်ပေါ်နေသောကြောင့် အဖွဲ့အစည်းများအနေဖြင့် ကချင်ပြည်နယ် ဆွမ်ပရာဘွမ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများကို လက်လှမ်းမီရန်နှင့် ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ခက်ခဲလျက်ရှိ*

တိုက်ပွဲများကြောင့် အချို့ရွာများရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ၏ အိုးအိမ်များမှာ မီးလောင်သွားခဲ့ပြီး၊ နေရပ်စွန့်ခွာ တိမ်းရှောင်သူအများအပြားမှာ သီးနှံများရိတ်သိမ်းချိန်ကို မမီတော့ဘဲ၊ ၎င်းတို့၏ သီးနှံများ၊ တိရိစ္ဆာန်များမှာ ပဋိပက္ခကြောင့် ဆုံးရှုံးနိုင်သည့် အခြေအနေတွင်ရှိပါသည်။ လုံခြုံမှုရှိသည်နှင့်တပြိုင်နက် မိသားစုများမှာ ၎င်းတို့၏ နေရပ်များသို့ပြန်နိုင်ရန် အိမ်များပြန်ဆောက်နိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ပြန်လည်ထူထောင်ရေးဆိုင်ရာ အကူအညီများ လိုအပ်မည်ဖြစ်ပါသည်။ နေရပ်သို့ ပြန်သွားပြီဖြစ်သော မိသားစုများအတွက်လည်း အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပံ့ပိုးမှုများ လိုအပ်ပါသည်။ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဦးစားပေးအချက်များမှာ  ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် အခြားထိခိုက်လွယ်သောအခြေအနေရှိအုပ်စုများ၏ လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ကျားမအခြေပြု အကြမ်းဖက်မှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်စတင်မှု၊ မိုင်းများရှင်းလင်းခြင်းနှင့် လုံခြုံရေး စသည်တို့နှင့်စပ်လျဉ်းသည့် စိုးရိမ်ပူပန်များကို ဖြေရှင်းဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။

## ဆောင်းရာသီ ဝင်ရောက်လာသောကြောင့် ကချင်ပြည်နယ် ဆွမ်ပရာဘွမ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် လိုအပ်ချက်အသစ်များဖြစ်ပေါ်

### အရပ်သားများသို့ လက်လှမ်းမီမှု ဆက်လက် အကန့်အသတ်ရှိဆဲ

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်ဒေသတွင် ၁,၂၀၀ ထက်ပိုသော လူများ နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသည့် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်တို့အကြား တိုက်ပွဲများ ဖြစ်ပွားပြီး ခြောက်လကြာမြင့်ချိန်တွင် အစိုးရထိန်းချုပ်မှုပြင်ပရှိ ယာယီနေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းများတွင် လူဦးရေ ၁,၀၀၀ ကျော်မှာ ဆက်လက် နေရပ်စွန့်ခွာတိမ်းရှောင် နေရဆဲဖြစ်ပါသည်။ ထိုဒေသရှိအခြားအရပ်သား ၁,၈၀၀ နီးပါးမှာလည်း ပဋိပက္ခအခြေအနေကြောင့်ထိခိုက်မှုရှိခဲ့ပြီး၊ ထိခိုက်လွယ်သည့် အခြေအနေတွင် ဆက်လက်ရှိနေဆဲဖြစ်ပါသည်။ ကုလသမဂ္ဂဒေသနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ အနေဖြင့် လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများကို လေ့လာဆန်းစစ်ရန်နှင့်အကူအညီများ ပံ့ပိုးပေးနိုင်ရန်အတွက် ထိုဒေသသို့ သွားရောက်ခွင့်ပြုရန် တောင်းဆိုခဲ့ကြသော်လည်း၊ လက်လှမ်းမီမှု အခြေအနေမှာ ဆက်လက် အကန့်အသတ်ရှိနေဆဲဖြစ်ပြီး၊ ကုလသမဂ္ဂအနေဖြင့် ကိန်းဂဏန်းနှင့် အခြေအနေ သတင်းအချက်အလက်များကို လွတ်လပ်စွာ အတည်ပြုနိုင်ရန်အတွက် နေရပ်စွန့်ခွာတိမ်းရှောင် သူများကို လက်လှမ်းမီမှုမရှိသေးပါ။

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်၊ ရှမ်းပြည်နယ် ကျေးသီးနှင့် မိုင်းရှူး တို့ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများ




ထိုနေရပ်စွန့်ခွာတိမ်းရှောင်သူ အများစုအနေဖြင့် လွန်ခဲ့သည့် ခြောက်လအတွင်း လူသားချင်းစာနာမှုဆိုင်ရာအကူအညီများအား လက်လှမ်းမီမှု အကန့်အသတ်ရှိခဲ့ပါသည်။ ဆောင်းရာသီ စတင်ဝင်ရောက်ခဲ့သည့်အတွက် အပူချိန်ရေခဲမှတ်အထိကျဆင်းသည့် နေရာများတွင် ကလေးများအတွက် ဆောင်းဝတ်အထည်များ၊ စောင်များနှင့် ပိုမိုကောင်းမွန်သည့် အမိုးအကာများအပါအဝင် လိုအပ်ချက်များ ပိုမိုများလာနိုင်ပါသည်။ နေရပ်စွန့်ခွာတိမ်းရှောင်သူများမှာ တာပေါ်လင်စများဖြင့် ပြုလုပ်ထားသောအမိုးအကာများနှင့် ယာယီနေထိုင်ရန်ဆောက်လုပ်ထားသော အမိုးအကာများအောက်တွင် နေထိုင်ကြရလျက်ရှိပြီး၊ နေအိမ်များကို စွန့်ခွာခဲ့ရစဉ်က ၎င်းတို့ ပိုင်ဆိုင်သောပစ္စည်းများကို ယူဆောင်လာနိုင်ခြင်းမရှိပါ။ ထိုနေရပ်စွန့်ခွာတိမ်းရှောင်သူများတွင် မသန်စွမ်းသူများ၊ နာတာရှည်နှင့် စိုးရိမ်ရသည့် အခြေအနေရှိလူနာများ၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အမျိုးသမီးများ စသည့် ထိခိုက်လွယ်သည့် အခြေအနေရှိသူများ ပါဝင်နေပါသည်။ ဒေသတွင်းရှိ ခရစ်ယာန်ဘုရားကျောင်းများမှ နေရပ်စွန့်ခွာတိမ်းရှောင်သူများထံ အစားအစာနှင့် ဆေးဝါးပစ္စည်း အနည်းငယ် ပံ့ပိုးပေးနိုင်ခဲ့သော်လည်းလုံလောက်မှုမရှိဘဲ၊ အခြေအနေမှာလည်း လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသူများအတွက် အန္တရာယ်များရှိနေပါသည်။ အမိုးအကာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ တစ်ကိုယ်ရေနှင့် မိသားစုသုံးပစ္စည်းများ စသည့် လိုအပ်ချက်များဆက်လက်ရှိနေဆဲဖြစ်ပါသည်။ နေရပ်စွန့်ခွာတိမ်းရှောင်မှု ခြောက်လကြာမြင့်လာသည့်အတွက် နေရပ်စွန့်ခွာ တိမ်းရှောင်သူမိသားစုများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား လက်လှမ်းမီမှုရှိရန်လည်း လိုအပ်လျက်ရှိပါသည်။ လက်လှမ်းမီမှုအကန့်အသတ်များဆက်လက်ဖြစ်ပေါ်နေသောကြောင့် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ထိုဒေသတွင်းရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် အခြားအရပ်သားများ၏ အခြေအနေကို လေ့လာဆန်းစစ်ရန်၊ ၎င်းတို့၏လိုအပ်ချက်များကို

ဖြည့်ဆည်းပေးနိုင်ရန်အတွက် အခက်အခဲများရှိနေပါသည်။ ကန့်သတ်မှုများဆက်လက်ဖြစ်ပေါ်နေသည့်အတွက် အရပ်သားများ၏ လုံခြုံရေးမှာ စိုးရိမ်ဖွယ်အခြေအနေတွင် ရှိနေပါသည်။

## ငွေကြေးပံ့ပိုးမှုစီမံကိန်းဖြင့် ရေဘေးသင့်သူများ ပြန်လည်ထူထောင်နိုင်ရန် ကူညီပေး

### ငွေကြေးပံ့ပိုးမှုသည် ပြည်သူများအတွက် ရွေးချယ်မှုများ ပိုမိုရရှိစေ

ရခိုင်ပြည်နယ်သည် ၂၀၁၅ခုနှစ် ဇူလိုင်လမှ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း ကိုမန်၏ သက်ရောက်မှုများနှင့် ရေဘေးဒဏ်ကြောင့် ကြီးမားပြင်းထန်စွာထိခိုက်ခဲ့သည့် ဒေသများအနက်မှ တစ်ခုဖြစ်ပါသည်။ ကုလသမဂ္ဂ၊ နိုင်ငံတကာမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ကြက်ခြေနီ၊ အခြား ပြည်တွင်းနှင့် နိုင်ငံတကာမှ မိတ်ဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များကို ပံ့ပိုးသည့်အနေဖြင့် ရေဘေးသင့်ပြည်သူများ ၄င်းတို့၏ဘဝများ ပြန်လည်ထူထောင်နိုင်စေရန် လူသားချင်းစာနာမှုနှင့် ပြည်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ရေဘေးဖြစ်ပြီးချိန်နှင့် ပြန်လည်ထူထောင်ရေးကာလများတွင် ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအား ပံ့ပိုးမှုနည်းလမ်းတစ်ခုမှာ ထိခိုက်ခံစားခဲ့ရသည့်မိသားစုများအတွက် ငွေကြေးပံ့ပိုးမှုပင်ဖြစ်ပါသည်။ ငွေကြေးပံ့ပိုးမှုစီမံကိန်းသည် ပြည်သူများအား ရွေးချယ်မှုများ ပိုမိုရရှိစေပြီး၊ ၄င်းတို့ကိုယ်တိုင် လှုပ်ရှားသက်ဝင်မှုအပြည့်ရှိသော ဈေးကွက်များကို လက်လှမ်းမီစေရန်ပံ့ပိုးခြင်းဖြင့် ပြန်လည်ထူထောင်ရေးတွင် ၄င်းတို့ကိုယ်တိုင်ကိုယ်ကျ ပါဝင်လာနိုင်စေပါသည်။ သို့သော် မြန်မာနိုင်ငံ၏နေရာအများအပြားတွင် ထိုသို့သော ဈေးကွက်များကို လက်လှမ်းမီနိုင်မှုမရှိပါ။ ငွေကြေးပံ့ပိုးမှုအစီအစဉ်နှင့်စပ်လျဉ်း၍လည်း ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကြီးမားသောပြဿနာများကိုမတွေ့ရှိရပါ။ ကယ်ဆယ်ရေးပစ္စည်းများအစား ငွေကြေးပံ့ပိုးမှုမှာ ပို၍စရိတ်သက်သာ၊ ထိရောက်မှုရှိသည်ကိုလည်း တွေ့ရှိရပါသည်။

### အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်မိသားစုများအား ငွေကြေးပံ့ပိုးမှု စီမံကိန်းဖြင့် ကူညီလျက်ရှိ

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် လက်တွဲ၍ ရေဘေးကြောင့် ကြီးမားသည့် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော မြောက်ဦး၊ မင်းပြားမြို့နယ်များရှိ ရွာများနှင့် ကျောက်တော်မြို့နယ်အတွင်းရှိ ရွာတစ်ရွာတွင် ငွေကြေးပံ့ပိုးမှုစီမံကိန်းကို ဆောင်ရွက်လျက်ရှိပါသည်။ စက်တင်ဘာလအတွင်းတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအနေဖြင့် အရေးပေါ် အစားအစာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ပျက်စီး၊ ဆုံးရှုံးသွားခဲ့သော မရှိမဖြစ်လိုအပ်သည့် အိမ်အသုံးအဆောင် ပစ္စည်းများအား အစားထိုးပေးနိုင်ရန် မိသားစု ၄,၅၀၀ နီးပါးအတွက် ငွေကျပ် ၅၀,၀၀၀ ပမာဏရှိ ငွေကြေးပံ့ပိုးမှုကို ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် မိသားစု ၇,၅၀၀ မှာလည်း ထိုပမာဏနှင့် ညီမျှသည့် ပစ္စည်းပံ့ပိုးမှုများကို ရရှိခဲ့ပါသည်။



မြောက်ဦးမြို့အနီးတွင် နေထိုင်သည့် အမျိုးသမီးကြီးတစ်ဦးမှ ရေဘေးအတွင်း ၄င်းတို့မိသားစု၏ ငါးဖမ်းပိုက်များဆုံးရှုံးခဲ့ရသည့်အကြောင်းကို ပြောပြနေစဉ်။ ဓာတ်ပုံ-ICRC

ထိခိုက်လွယ်သည့် အခြေအနေရှိ မိသားစုများ ပြန်လည်ထူထောင်နိုင်စေရန်အတွက်အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့သည် လုပ်အားမှ တစ်ဆင့် ငွေကြေးပံ့ပိုးမှု အခွင့်အလမ်းများကို လုပ်သား ၂,၅၀၀အတွက် ပံ့ပိုးပေးနိုင်ခဲ့ပြီး၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်းတွင် မြောက်ဦးနှင့် မင်းပြား မြို့နယ်များရှိ ကျေးရွာ အုပ်စု ၁၀ အုပ်စုမှ နေ့စားလုပ်သားများနှင့် ရေလုပ်ငန်း၊ လယ်ယာလုပ်ငန်းလုပ်ကိုင်သည့်မိသားစု ၃,၃၀၀ အတွက်လည်း ငွေကြေးပံ့ပိုးမှုကို ဆောင်ရွက်ခဲ့ပါသည်။ ကျပ် ၁၈၀,၀၀၀ ပမာဏရှိ ငွေကြေးပံ့ပိုးမှုအားဖြင့် မိသားစုများသည် ပြန်လည်စိုက်ပျိုးရန် ဆောင်းသီးနှံအတွက် မျိုးစေ့များ၊ ရေဘေးအတွင်း ဆုံးရှုံးခဲ့ရသည့် မွေးမြူရေးတိရိစ္ဆာန်များနှင့် လှေများ၊ ငါးဖမ်းပိုက်များကို ပြန်လည်ဝယ်ယူနိုင်ခြင်းဖြင့် ၄င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ကူညီဆောင်ရွက်ခဲ့ပါသည်။ လမ်းများရှင်းလင်းခြင်း၊ တံတားများပြုပြင်ခြင်း၊ ရေကန်များကို ခြံစတ်ကာရံခြင်းစသည့် လုပ်ငန်းများပါဝင်သည့် လုပ်အားမှတစ်ဆင့် ငွေကြေးပံ့ပိုးမှုမှာ ပါဝင်လုပ်ဆောင်သူများ၏ လစဉ်ဝင်ငွေ တိုးစေရန် ထောက်ကူပေးပါသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့သည် ထိခိုက်အလွယ်ဆုံး အခြေအနေရှိ မိသားစုများ ထိုအစီစဉ်များတွင် ပါဝင်နိုင်စေရန် ရပ်ရွာလူကြီးများနှင့်အတူ အဆိုပါ မိသားစုများကို ရွေးချယ်သတ်မှတ်ခဲ့ကြပါသည်။ အဆိုပါမိသားစုများတွင် ဝင်ငွေနည်းပါးသူများနှင့် ရေဘေးအတွင်းက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြင်းထန်စွာ ထိခိုက်ခံခဲ့ရသူများ ပါဝင်ပါသည်။

## ၂၀၁၅ခုနှစ် အဓိက ကိန်းဂဏန်းများ

မြန်မာနိုင်ငံကြက်ခြေနီအသင်း စေတနာ့ဝန်ထမ်းအဖြစ် စာရင်းသွင်းခဲ့သူဦးရေ

**၄၆,၀၀၀**

ကချင်၊ ချင်းနှင့် ရခိုင်ပြည်နယ်များတွင် လူသားချင်းစာနာမှုဆိုင်ရာတုန့်ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ (ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ၊ လူထုအခြေပြုအဖွဲ့အစည်းများ)

**၅၉**

ကမ္ဘာလုံးဆိုင်ရာ ရာသီဥတု ပြောင်းလဲမှု အန္တရာယ် အညွှန်းကိန်းတွင် မြန်မာနိုင်ငံ၏အဆင့်

**၂**

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ထုတ်ပြန်သည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု အညွှန်းကိန်းတွင် မြန်မာနိုင်ငံ၏အဆင့်

**၁၅၀ (၁၈၇ အနက်မှ)**

၂၀၁၄* ခုနှစ်တွင် မိုင်းကြောင့် ထိခိုက်သေဆုံးခဲ့ရသူအရေအတွက် (သေဆုံးသူ ၄၆ ၊ ဒဏ်ရာရသူ ၂၀၆)

**၂၅၁**

လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း သေဆုံးခဲ့ရသည့် လူသားချင်းစာနာမှုဆိုင်ရာ ဝန်ထမ်းများ

**၂**

*မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာမှုအဖွဲ့မှ ထုတ်ပြန်ချက်များအရ။ ၂၀၁၅ခုနှစ်အတွက် ကိန်းဂဏန်းများ မရှိသေးပါ။

### ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရေဘေးသင့်ခဲ့သည့် မိသားစုများအား ကူညီပံ့ပိုးမှု

နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် CARE အနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် ရေဘေးဒဏ်သင့်ခဲ့သည့်ရပ်ရွာများမှ အိမ်ထောင်စုများကို ငွေကြေးပံ့ပိုး ဆောင်ရွက်ခဲ့ပါသည်။ ကုလသမဂ္ဂ အရေးပေါ်အခြေအနေတုန့်ပြန်ဆောင်ရွက်ရေးရန်ပုံငွေမှ ပံ့ပိုးထားသော ထိုလုပ်ငန်းအစီအစဉ်မှာ ရေဘေးအတွင်း အိုးအိမ်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြင်းထန်စွာ ထိခိုက်မှုရှိခဲ့သည့် မြေယာမဲ့သော အိမ်ထောင်စုများ၊ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများအပါအဝင် ထိခိုက်လွယ်သောအခြေအနေရှိ အိမ်ထောင်စုများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများရှိသော အိမ်ထောင်စုများကို ဦးစားပေးပံ့ပိုးဆောင်ရွက်ခဲ့ပါသည်။ အထက်ပါ ထိခိုက်လွယ်မှုအခြေအနေများစွာရှိနေသည့် အိမ်ထောင်စုများမှာ ဦးစားပေးမှုအမြင့်ဆုံးဖြစ်ပါသည်။ ငွေကြေးပံ့ပိုးမှုစီမံကိန်းကို စက်တင်ဘာလမှ နိုဝင်ဘာလအတွင်းဆောင်ရွက်ခဲ့ပြီး၊ ဒီဇင်ဘာလတွင် လုပ်ငန်းအစီအစဉ်များကို စောင့်ကြည့်လေ့လာသုံးသပ်ခဲ့ပါသည်။ ငွေကြေးပံ့ပိုးမှုရရှိသူများမှာ ထိုငွေကြေးကို မည်သို့သုံးစွဲမည်ကိုငှင်းတို့ကိုယ်တိုင်ဆုံးဖြတ်နိုင်ပါသည်။ ဥပမာအားဖြင့် ငွေကြေးပံ့ပိုးမှုများမှာ အစားအစာအပါအဝင် အိမ်ထောင်စုများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး၊ အိမ်များပြန်လည်ပြင်ဆင်ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ခြင်း စသည်တို့ကိုလည်း ဆောင်ရွက်နိုင်စေပါသည်။

*ရေဘေးသင့်မိသားစုများ ပြန်လည်ထူထောင်နိုင်စေရန် အဓိကကူညီပံ့ပိုးသည့် နည်းလမ်း တစ်ခုမှာ ငွေကြေးပံ့ပိုးမှု ဖြစ်သည်*

### အခြားနေရာများတွင် ငွေကြေးပံ့ပိုးမှုဖြင့် တုန့်ပြန်ဆောင်ရွက်မှုလုပ်ငန်းများ

အခြားအဖွဲ့အစည်းများအနေဖြင့်လည်း ရခိုင်ပြည်နယ်နှင့် အခြား ပြည်နယ်၊ တိုင်းဒေသကြီးများတွင် ရေဘေးသင့် မိသားစုများကို ကူညီရန် ငွေကြေးအခြေပြုသည့် ပံ့ပိုးမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့တွင် စစ်ကိုင်း၊ ချင်း၊ ရခိုင်၊ မကွေး၊ ပဲခူးနှင့် ဧရာဝတီတိုင်းတို့တွင် ငွေကြေးပံ့ပိုးမှုဖြင့် တုန့်ပြန်ဆောင်ရွက်မှုလုပ်ငန်းများ လုပ်ဆောင်နေသည့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊ Adventist Development and Relief Agency (ADRA)၊ Save the Children International၊ World Visionနှင့် UNOPS မှ စီမံခန့်ခွဲနေသောအသက်မွေးဝမ်းကျောင်းနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေတို့ပါဝင်ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် ၎င်း၏ ရေဘေးတုန့်ပြန်ဆောင်ရွက်ရေးလုပ်ငန်းတစ်စိတ်တစ်ပိုင်းအဖြစ် အမေရိကန်ဒေါ်လာ ၇၉၃,၀၀၀ ကျော်နှင့်ညီမျှသည့် ပမာဏကို နိုဝင်ဘာမှ ဒီဇင်ဘာလအတွင်းတွင် ဧရာဝတီ၊ မကွေးနှင့် စစ်ကိုင်း တိုင်းဒေသကြီးများရှိ ရေဘေးသင့်သူ ၆၃,၀၀၀ အတွက် ငွေကြေးပံ့ပိုးခြင်းဖြင့် ကယ်ဆယ်ရေးနှင့် ရေဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

## လူဦးရေ ၄၅,၀၀၀ အတွက် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးပေး

### ရေဘေးသင့်ပြည်သူများအတွက် ဆေးဝါးကုသမှုနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုများ

၂၀၁၅ ခုနှစ် စက်တင်ဘာလမှ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလအထိ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်သည့် မြန်မာနိုင်ငံဆရာဝန်များအသင်း၊ Marie Stopes International၊ Malteser တို့သည် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်မှ ရေဘေးသင့်ပြည်သူများကို အသက်ကယ်ဆေးဝါးကုသမှုနှင့် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုများ ပံ့ပိုးပေးသည့် အစီအစဉ်များဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများကို ပံ့ပိုးကူညီခဲ့ပါသည်။ ထိုနေရာများမှာ ၂၀၁၅ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လများတွင် ဖြစ်ပွားခဲ့သည့် ရေကြီး၊ရေလျှံမှုနှင့် ဆိုင်းကလုန်းမုန်တိုင်းကိုမန်ကြောင့် ထိခိုက်မှုအများဆုံးရှိခဲ့သည့် ဒေသများအနက်မှ ဒေသသုံးခုဖြစ်ပါသည်။ အဆိုပါ စီမံကိန်းကို ကုလသမဂ္ဂ အရေးပေါ်တုန့်ပြန်ရေး ဗဟိုရန်ပုံငွေ (CERF) မှ ပံ့ပိုးထားခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂ အရေးပေါ်တုန့်ပြန်ရေးဗဟိုရန်ပုံငွေမှ ထိခိုက်မှုအများဆုံးရှိခဲ့သည့် ပြည်နယ်များနှင့် တိုင်းဒေသကြီးများရှိ ပြည်သူများအတွက် အစားအစာ၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အမိုးအကာနှင့် ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ ပါဝင်သည့် အရေးပေါ်ပံ့ပိုးကူညီမှု အစီအစဉ်များကို ချက်ချင်း စတင်နိုင်စေရန်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀.၄ သန်း ပံ့ပိုးပေးခဲ့ပါသည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့အနေဖြင့် ကုလသမဂ္ဂ အရေးပေါ် တုန့်ပြန်ရေး ဗဟိုရန်ပုံငွေမှ အမေရိကန် ဒေါ်လာ ၃၈၀,၀၀၀ ခန့် ရရှိခဲ့ပါသည်။

*ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၏ စီမံချက်သည် အမျိုးသမီး၊ အမျိုးသား၊ ယောကျာ်းလေးများနှင့် မိန်းကလေးများ အခြေခံ မျိုးဆက်ပွား ကျန်းမာရေး ဝန်ဆောင်မှုများကို ညီမျှစွာ လက်လှမ်းမီစေရေး ဆောင်ရွက်ပေးလျက်ရှိ*



စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ဆေးခန်းတွင် သားဖွားဆရာမမှ သန့်ရှင်းသော ကလေးမွေးဖွားမှုအသုံးအဆောင်ပစ္စည်းအစုံအကြောင်းရှင်းပြနေစဉ်။ ဓာတ်ပုံ-ဒေါ်တိုးတိုးဆွေ၊ ကလေးအထွေထွေရောဂါကု ဆေးရုံကြီး။

လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ၏ပြောကြားချက်များအရ၊ ကျန်းမာရေး စောင့်ရှောက်မှု ရရှိနိုင်မည့် နေရာများမရှိခြင်း၊ကျန်းမာရေးဆေးခန်းများ ပျက်စီးသွားခြင်း၊ စနစ်တကျ လေ့ကျင့်ပေးထားသော ကျန်းမာရေးဝန်ထမ်းများ၊ အထူးသဖြင့် အမျိုးသမီး ကျန်းမာရေးဝန်ထမ်းများ လုံလောက်မှုမရှိခြင်းတို့ကြောင့် သန့်ရှင်းပြီး၊ စိတ်ချရသော ကလေးမွေးဖွားမှုနည်းလမ်းနှင့် မမွေးဖွားမီကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်ခြင်းများ မရှိသည့်အတွက် ကိုယ်ဝန်ဆောင် မိခင်များနှင့် မွေးဖွားမည့် မိခင်များအတွက် ကြီးမားသော အန္တရာယ်ဖြစ်စေပါသည်။

### အမျိုးသမီး၊ အမျိုးသား ၁၂,၀၀၀ နီးပါးကို အကူအညီပေးနိုင်ခဲ့

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ လုပ်ငန်းအစီအစဉ်မှ အမျိုးသမီး၊ အမျိုးသား၊ ယောကျာ်းလေးများနှင့် မိန်းကလေးများ အခြေခံမျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုကို ညီမျှစွာ လက်လှမ်းမီစေရန် ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။ ထိုလုပ်ငန်းအစီအစဉ်မှ ကိုယ်ဝန်ဆောင်မိခင်များအတွက် အရေးပေါ်ကလေးမွေးဖွားခြင်းဆိုင်ရာ အခြေခံစောင့်ရှောက်မှုကို ဆောင်ရွက်ပေးလျက်ရှိပြီး၊ ပိုမိုရှုပ်ထွေးသည့်အရေးပေါ်ကလေးမွေးဖွားခြင်းအခြေအနေများအတွက် ဆေးကုသမှုလွှဲပြောင်းပေးခြင်းများကိုလည်း ဆောင်ရွက်ပေးပါသည်။ ထို့ပြင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိစ္စများ စီမံဆောင်ရွက်ခြင်းကိုလည်း ပံ့ပိုးပေးလျက်ရှိပါသည်။ အရေးပေါ်အခြေအနေအတွင်းတွင် မလိုလားဘဲ ကိုယ်ဝန်ဆောင်ရမှုများ၊ စိတ်ချရမှုမရှိသည့် ကလေးမွေးဖွားမှုများ၊ မိခင် သေဆုံးမှု၊ ကာလရှည်စိတ်ဒဏ်ရာရမှု၊ လိင်ဆက်ဆံခြင်းမှတစ်ဆင့် ကူးစက်သောရောဂါများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် ခံရသူများခံစားရသည့် အခြားအကျိုးဆက်များကို တားဆီးနိုင်ရန်အတွက် ဝန်ဆောင်မှုများကိုဆောင်ရွက်ပေးလျက်ရှိပါသည်။ ယနေ့အထိ မမွေးဖွားမီကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်ခြင်း ဝန်ဆောင်မှုရရှိသည့် ကိုယ်ဝန်ဆောင်မိခင် ၈၀၀ ကျော်အပါအဝင် အမျိုးသမီး ၉,၀၀၀ ကျော်နှင့် အမျိုးသား ၂,၈၀၀ နီးပါးမှာ ထိုလုပ်ငန်းအစီအစဉ်များမှတစ်ဆင့် အကျိုးကျေးဇူးများရရှိခဲ့ကြပါသည်။ သန့်ရှင်းသော ကလေးမွေးဖွားမှု အသုံးအဆောင်ပစ္စည်း အစုံပေါင်း ၂,၄၀၀ ကျော်ကိုလည်း ရေဘေးသင့်ဒေသများရှိ ကိုယ်ဝန်ဆောင်မိခင်များထံ ဖြန့်ဝေပေးခဲ့ပါသည်။ လုပ်ငန်းအစီစဉ်မှတစ်ဆင့် အမျိုးသားများ၊ အမျိုးသမီးများ၊ ယောကျာ်းလေးများနှင့် မိန်းကလေးများ စုစုပေါင်း ၄၅,၀၀၀ ကို ကူညီပံ့ပိုးပေးသွားနိုင်ရန် ရည်ရွယ်ပါသည်။

*၂၀၁၂ ခုနှစ် ဇွန်လမှ စတင်၍ မြန်မာ့တပ်မတော်မှ ကလေး ၆၉၉ ဦးကို နုတ်ထွက်ခွင့်ပြုခဲ့*

## ကလေးများအား တပ်သားသစ်အဖြစ် စုဆောင်းမှု အဆုံးသတ်ခြင်း

### ၂၀၁၅ ခုနှစ်တွင် မြန်မာ့တပ်မတော်မှ ကလေး ၁၄၆ ဦးအား နုတ်ထွက်ခွင့်ပြုခဲ့

နိုဝင်ဘာလတွင် မြန်မာနိုင်ငံတော်အစိုးရမှ လက်နက်ကိုင်တပ်ဖွဲ့များအတွင်း တပ်သားအဖြစ်စုဆောင်းခံခဲ့ရသည့် ကလေးနှင့် လူငယ် ၅၃ ဦးကို နုတ်ထွက်ခွင့်ပြုခဲ့ပါသည်။ နောက်ဆုံးနုတ်ထွက်ခွင့်ပြုခဲ့သည့် အရေအတွက်အပါအဝင် ၂၀၁၅ခုနှစ်အတွင်း နုတ်ထွက်ခွင့်ပြုခဲ့သည့် ကလေးအရေအတွက်မှာ ၁၄၆ဦး ရှိပါသည်။ ကလေးများအားတပ်သားအဖြစ် စုဆောင်းခြင်းနှင့် အသုံးပြုခြင်းကိုအဆုံးသတ်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂတို့အကြား ပူးတွဲလုပ်ငန်းဆောင်ရွက်မှုစီမံချက်ကို သဘောတူလက်မှတ်ရေးထိုးခဲ့သည့် ၂၀၁၂ခုနှစ် ဇွန်လမှစတင်ပြီး မြန်မာ့တပ်မတော်မှ ကလေး ၆၉၉ ဦးကို နုတ်ထွက်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ မြန်မာအစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေးများကို ကြီးလေးသော ချိုးဖောက်မှုများအား စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေး နိုင်ငံအလိုက်အထူးတာဝန်အဖွဲ့နှင့် အဆိုပါအဖွဲ့တွင် ပူးတွဲဥက္ကဋ္ဌတာဝန် ထမ်းဆောင်သည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးမှလည်း ဤကဲ့သို့ နုတ်ထွက်ခွင့်ပြုခဲ့ခြင်းကိုကြိုဆိုခဲ့ကြပါသည်။

### ကလေးသူငယ်နှင့် လက်နက်ကိုင် ပဋိပက္ခ ဆိုင်ရာ အထူးကိုယ်စားလှယ် ခရီးစဉ်

ဇွန်လ ၁၁ရက်မှ ၁၇ ရက်အတွင်းတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်နှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Leila Zerrougui သည် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပါသည်။ ခရီးစဉ်၏ ရည်ရွယ်ချက်မှာ ကလေးများအပေါ် လက်နက်ကိုင် ပဋိပက္ခများ၏ အကျိုးသက်ရောက်မှုအခြေအနေကို သိရှိရန်နှင့် ၂၀၁၂ခုနှစ် ဇွန်လတွင် နိုင်ငံတော်အစိုးရမှ သဘောတူလက်မှတ် ရေးထိုးခဲ့သည့် ပူးတွဲလုပ်ငန်းဆောင်ရွက်မှုစီမံချက် အကောင်အထည်ဖော်ခြင်း လုပ်ငန်းများ၏တိုးတက်မှုအား လေ့လာဆန်းစစ်ရန် ဖြစ်ပါသည်။ ခရီးစဉ်အတွင်း အထူးကိုယ်စားလှယ်သည် အစိုးရအရာရှိများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် တပ်သားအဖြစ်စုဆောင်းခံခဲ့ရသည့် ကလေးများနှင့် တွေ့ဆုံခဲ့ပါသည်။

အစိုးရနှင့် တွေ့ဆုံခဲ့ရာတွင် Ms. Zerrougui မှ တပ်မတော်အတွင်းတွင် ကလေးများအား အသုံးပြုခြင်းကို အဆုံးသတ်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် ချီးကျူးဂုဏ်ပြုခဲ့ပါသည်။ သို့သော်လည်း "ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကလေးသူငယ်များအား မည်သူကမျှ တပ်သားအဖြစ်စုဆောင်းခြင်းမပြုလုပ်နိုင်စေရန် သေချာစေခြင်း ဟူသည့် အချက်နှစ်ခုအကြား ကျန်ရှိနေသည့်ကွာဟမှုကို ပပျောက်စေရန်လုပ်ဆောင်ဖို့အလွန်အရေးကြီးပါကြောင်း" Ms. Zerrougui မှ ပြောကြားခဲ့ပါသည်။ ကလေးများအား တပ်သားအဖြစ် စုဆောင်းမှု၊ အသုံးပြုမှုများကို ဥပဒေအရအရေးယူဆောင်ရွက်ခြင်း၊ တပ်သားစုဆောင်းရေးစင်တာများတွင် အသက်စစ်ဆေးခြင်းအား တိကျခိုင်မာစွာဆောင်ရွက်ခြင်း၏ အရေးကြီးမှုကို အလေးပေးပြောဆိုခဲ့ပြီး၊ ကလေးသူငယ်များအား တပ်ပြေးများအဖြစ်စွပ်စွဲပြီး အကျဉ်းချထားခြင်းကို ဆက်လက်ကျင့်သုံးနေမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်ကြောင်းပြောခဲ့ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးရာတွင် ကလေးများအား တပ်သားအဖြစ် စုဆောင်းမှု၊ အသုံးပြုမှုများကို အဆုံးသတ်ရန် လုပ်ငန်းစဉ်များ၊ ကလေးသူငယ်အခွင့်အရေးများကို ကြီးလေးသောချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ အဓိက ဆွေးနွေးခဲ့ကြပါသည်။

လက်နက်ကိုင်အဖွဲ့အစည်းများအတွင်း ရောက်ရှိခဲ့သည့် ကလေးများနှင့် တွေ့ဆုံရာတွင် အထူးကိုယ်စားလှယ်မှ ပညာရေးလက်လှမ်းမီမှု၊ မွေးစာရင်းအပါအဝင် အသိအမှတ်ပြုစာရွက်စာတမ်းများအား လက်လှမ်းမီမှုကို တိုးမြှင့်ပေးခြင်း စသည့် နည်းလမ်းများဖြင့် ကလေးများအား တပ်သားအဖြစ်စုဆောင်းမှုကိုဖြစ်ပေါ်စေသည့် အရင်းအခံအကြောင်းအရာများကို ဖြေရှင်းဆောင်ရွက်ခြင်း၏ အရေးကြီးမှုကို ပြောကြားခဲ့ပါသည်။

**လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးမှ ထုတ်ဝေသည့် သတင်းအချက်အလက် အသစ်များ**

၂၀၁၆ခုနှစ် မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာလိုအပ်ချက်များ ခြုံငုံသုံးသပ်ချက်

၂၀၁၆ခုနှစ် မြန်မာနိုင်ငံ လူသားချင်းစာနာမှုတုန့်ပြန်ရေး စီမံကိန်း

မြန်မာနိုင်ငံလူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများ (၁၁ ဒီဇင်ဘာ)

ဟားခါးလမ်း- မြန်မာနိုင်ငံ ချင်းပြည်နယ်တွင် မုတ်သုန်မိုးများရွာသွန်းခဲ့ချိန်မှစ၍ ထောင်နှင့်ချီသောလူများ ဆက်လက်နေရပ်စွန့်ခွာ (၁ ဒီဇင်ဘာ)

မြန်မာနိုင်ငံကချင်နှင့် ရှမ်းမြောက်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်မှုများ (အောက်တိုဘာ ၂၀၁၅)

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်မှုများ (နိုဝင်ဘာ ၂၀၁၅)

(စာရွက်စာတမ်းများကို ရယူရန်အတွက် နှိပ်ပါ)

## လက်နက်ကိုင်အဖွဲ့များအတွင်းမှ ကလေးများ နုတ်ထွက်ခွင့်ရခဲ့သော်လည်း ကလေးများမှာ ထိခိုက်လွယ်သည့် အခြေအနေတွင်ရှိနေဆဲ

၂၀၁၅ခုနှစ် ဖွန်လ ၁၂ ရက်တွင် ထုတ်ဝေခဲ့သည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်းမှကလေးများဆိုင်ရာ၂၀၁၄ခုနှစ်နှစ်ပတ်လည် အစီရင်ခံစာ၌ ကလေးများအား တပ်သားအဖြစ် စုဆောင်းမှု၊အသုံးပြုမှုများကို အဆုံးသတ်ရန် လုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအား တိုးမြှင့်လုပ်ဆောင်ရာတွင် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ခဲ့သည့် အပြုသဘော ဆောင်သော ဆောင်ရွက်ချက်များကို အဓိကထား ဖော်ပြခဲ့ပါသည်။ ထိုဆောင်ရွက်ချက်များတွင် မြန်မာ့တပ်မတော်မှ ကလေးများအား နုတ်ထွက်ခွင့်ပြုခြင်းအားပုံမှန်ဆောင်ရွက်ခြင်း၊ နုတ်ထွက်မှုများကို ပိုမိုလျှင်မြန်စွာဆောင်ရွက်နိုင်စေရန် အမှုများကိုလေ့လာဆန်းစစ်ခြင်းအား ကုလသမဂ္ဂနှင့်အတူ ပုံမှန်ဆွေးနွေးဆောင်ရွက်ခြင်း၊ တပ်ဖွဲ့များအား ပူးတွဲလုပ်ငန်းဆောင်ရွက်မှုစီမံချက်အကြောင်း အသိပေးခြင်းသင်တန်းများ အားကောင်းစေရန် ဆောင်ရွက်ခြင်းနှင့် ပူးတွဲလုပ်ငန်းဆောင်ရွက်မှု စီမံချက်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းစဉ်ချမှတ်နိုင်ရန် အားပေးဆောင်ရွက်ခြင်းများ ပါဝင်ပါသည်။ နုတ်ထွက်ခွင့်ရရှိသည့် ကလေးများအတွက် မြန်မာနိုင်ငံ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း၍ ကုလသမဂ္ဂ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ မိတ်ဖက် အဖွဲ့အစည်းများမှ မိသားစုပြန်လည်ပေါင်းစည်းခြင်းဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးခဲ့ပါသည်။




အရွယ်မရောက်သေးသော ကလေးများအား တပ်သားအဖြစ်စုဆောင်းခြင်းကို တိုင်ကြားနိုင်သည့် ဖုန်းလိုင်းပါရှိသည့် ကဒ်။ "တပ်ထဲရှိ စစ်မှုထမ်းနေသော အရွယ်မရောက်သေးသူကလေးသူငယ်များကို တပ်မတော်မှ ကုလသမဂ္ဂ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ယခုစနစ်တကျ နုတ်ထွက်ခွင့်ပေးလျက်ရှိပါသည်။ တပ်မတော်တွင် အသက် ၁၈နှစ်အောက် ကလေးများ တပ်သားဖြစ် စုဆောင်းခံရခြင်း၊ စစ်မှုထမ်းစေခြင်းကို သင်သိရှိပါက ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများထံ အောက်ပါ အရေးပေါ်ဖုန်းနံပါတ်မှတစ်ဆင့် ဆက်သွယ်ပါ။ ၀၉၄၂၁၁၆၆၇၀၁၊ ၀၉၄၂၁၁၈၈၇၀၂ ။ စာတိုက်သေတ္တာအမှတ် ၆၇၉ သို့လည်း စာရေးဆက်သွယ်နိုင်ပါသည်။"

*တိုးတက်မှုများရှိသော်လည်း မြန်မာ့တပ်မတော်နှင့် အခြား လက်နက်ကိုင်အဖွဲ့များသည် ကလေးများကို တပ်သား အဖြစ် ဆက်လက် စုဆောင်းလျက်ရှိ*

တိုးတက်မှုများရှိနေသော်လည်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဆက်လက်ဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် မြန်မာ့တပ်မတော်နှင့် အခြားလက်နက်ကိုင်အဖွဲ့များသည် ကလေးများကို တပ်သားအဖြစ် စုဆောင်းခြင်း၊ အသုံးပြုခြင်းများ ဆက်လက်ပြုလုပ်လျက်ရှိပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများကွန်ယက်နှင့် အရွယ်မရောက်သေးသူများအား တပ်သားအဖြစ် စုဆောင်းခြင်းကို တိုင်ကြားနိုင်သည့် အရေးပေါ်ဖုန်းလိုင်းများသည် အချိန်မီ တားဆီးကာကွယ်ရေးနှင့် တုန့်ပြန်ဆောင်ရွက်ရေး အတွက် အလွန်အရေးကြီးပါသည်။ မြန်မာအစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေးများကို ကြီးလေးသော ချိုးဖောက်မှုများအား စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေး နိုင်ငံအလိုက်အထူးတာဝန်အဖွဲ့အနေဖြင့် လက်နက်ကိုင် ပဋိပက္ခများအတွင်း ကလေးများပါဝင်နေမှုကို လုံးဝအဆုံးသတ်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် ဆက်လက်မိတ်ဖက်၊ လက်တွဲ ဆောင်ရွက်လျက် ရှိပါသည်။

.

ထပ်မံ သိရှိလိုပါက အောက်ပါတို့ကို ဆက်သွယ်ပါ။
အီဗာ မော့ဒ်ဗစ်၊ အစီရင်ခံရေးအရာရှိ၊ အီးမေးလ် - modvig@un.org ၊ ဖုန်း - (+၉၅) ၉ ၄၂၀ ၂၇၅ ၈၇၇
ဖျဲ ပယ်ရွန်၊ ပြန်ကြားဆက်သွယ်ရေးအရာရှိ၊ အီးမေးလ် - peronp@un.org ၊ ဖုန်း - (+၉၅) ၉ ၂၅၀ ၁၉၈ ၉၉၇

**ကုလသမဂ္ဂလူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး လူမှုကွန်ယက်စာမျက်နှာ**
www.facebook.com/OCHAMyanmar
**လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (မြန်မာ) ဝက်ဘ်ဆိုဒ်** www.unocha.org/myanmar
OCHA လူသားချင်းစာနာမှု သတင်းလွှာကို www.reliefweb.int တွင် ရယူနိုင်ပါသည်။